# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(၂) လူမွဲခံယူသည့်အဖွဲ့အစည်းက တစ်စုံတစ်ဦးနှင့် လုပ်ငန်းကိစ္စရပ်တစ်ရပ်ကို ဆောင်ရွက်ရာတွင် ငွေကြေး သို့မဟုတ် ငွေကြေးကဲ့သို့ တန်ဖိုးရှိသောအရာကို ကာလတန်ကြေးထက် သိသာစွာလျော့နည်းသော အဖိုးစားနားတစ်ရပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်း။

( ခ ) ပုဒ်မခွဲ (ဂ) ပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ အောက်ပါအခြေအနေတစ်ရပ်ရပ်ရှိကြောင်း ပေါ်ပေါက်လျှင် တရားရုံးသည် အဆိုပါဆောင်ရွက်ချက်ကို ပြုလုပ်ခဲ့ခြင်းမရှိဘိသကဲ့သို့ မှတ်ယူ၍ ထိုဆောင်ရွက်ချက်မပြုမီက ရှိနေခဲ့သည့် မူလအခြေအနေအတိုင်း ပြန်လည်ထားရှိစေရန် အမိန့်ချမှတ်ရမည်–

(၁) လူမွဲခံယူသည့် အဖွဲ့အစည်းသည် ပုဒ်မခွဲ (က) ပါ လုပ်ငန်းကိစ္စရပ်တစ်ရပ်ကို ဆောင်ရွက်စဉ်က ကြွေးမြီများ ပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သည့် အနေအထားရှိနေကြောင်း သို့မဟုတ် အဆိုပါ ဆောင်ရွက်ချက်တစ်ရပ်ရပ်ကို ပြုလုပ်ခဲ့သည့် အကျိုးဆက်ကြောင့် ကြွေးမြီများ ပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သည့် အနေအထားရောက်ရှိခဲ့ကြောင်း ရာထူးလက်ရှိဖြစ်သူက ယုံကြည်ခြင်း၊

(၂) ထိုလုပ်ငန်းကိစ္စရပ် တစ်ရပ်ရပ်မှာ စတင်အကျိုးသက်ရောက်သည့်နေ့မတိုင်မီ ၂ လထက် မပိုသောကာလအတွင်း ဆောင်ရွက်ခဲ့ကြောင်းနှင့် ထိုလုပ်ငန်းကိစ္စရပ်ကို လုပ်ဆောင်ခဲ့သူသည် လူမွဲခံယူသည့် အဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ပတ်သက်သည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း ပေါ်ပေါက်ခြင်း။

( ဂ ) တရားရုံးသည်အောက်ပါအချက်တစ်ရပ်ရပ်အရ တန်ဖိုးလျော့၍ ဆောင်ရွက်ထားသည့် လုပ်ငန်းကိစ္စရပ်တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းဖြစ်သည်ဟု ယုံကြည်လျှင် ဤပုဒ်မအရ အမိန့်ချမှတ်ခြင်း မပြုရ –

(၁) လူမွဲခံသည့်အဖွဲ့အစည်းသည် လုပ်ငန်းကိစ္စရပ်များအား သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါလုပ်ငန်းကိစ္စကို ဆောင်ရွက်ခဲ့သည့်အချိန်က ယင်းအဖွဲ့အစည်းအတွက် အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ရန် လုံလောက်သောအကြောင်းများ ရှိနေခြင်း၊

(၂) ထိုလူမွဲခံသည့်အဖွဲ့အစည်းသည် အပိုင်း ၆ လုပ်ငန်း၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်နေပြီး အဆိုပါလုပ်ငန်းကိစ္စကို ဆောင်ရွက်ခြင်းကြောင့် အကျိုးအမြတ်ရမည့်သူသည် ယင်းအဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ဆက်နွှယ်သည့် ပုဂ္ဂိုလ်မဟုတ်ကြောင်း ပေါ်ပေါက်ခြင်း။

(ဃ) ဤပုဒ်မအရ ဆက်စပ်သည့်အချိန်ဆိုသည့် စကားရပ်တွင် အောက်ပါတို့ပါဝင်သည်–

(၁) ပုဒ်မခွဲငယ်(၂) သို့မဟုတ် ပုဒ်မခွဲငယ် (၃) နှင့် မသက်ဆိုင်လျှင် စတင်အကျိုးသက်ရောက်သည့်နေ့ မတိုင်မီ နှစ်နှစ်၊

(၂) ပုဒ်မခွဲငယ် (၃) နှင့် မသက်ဆိုင်လျှင် အဆိုပါလုပ်ငန်းကိစ္စကြောင့် အကျိုးအမြတ်ရသူသည် ယင်းအဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ပတ်သက်သည့်ပုဂ္ဂိုလ်ဖြစ်သည့် ကိစ္စ၌ စတင်အကျိုးသက်ရောက်သည့် နေ့မတိုင်မီ လေးနှစ်၊

(၃) သက်ဆိုင်ရာ ကြွေးမြီတောင်းဆိုချက်များနှင့် စပ်လျဉ်း၍ မြီရှင်များအား ကြွေးမြီရရှိမှု အခွင့်အရေးပျက်ပြားစေရန်၊ ဟန့်တားရန် သို့မဟုတ် နှောင့်နှေးစေရန် ရည်ရွယ်၍ အဆိုပါလုပ်ငန်းကိစ္စရပ်ကို ဆောင်ရွက်ခဲ့ကြောင်း ရာထူးလက်ရှိဖြစ်သူက သက်သေထင်ရှားပြသသည့်ကိစ္စ၌ စတင်အကျိုးသက်ရောက်သည့်နေ့မတိုင်မီ ငါးနှစ်။

**ယခင်ဆောင်ရွက်ချက်ကို ပယ်ဖျက်ခြင်း**

၃၆၁။ (က) မြီရှင်တစ်ဦးထံသို့ပေးရန်တင်ရှိနေသည့် အာမခံအကျိုးခံစားခွင့်မရှိသော ကြွေးမြီတစ်ရပ်နှင့် စပ်လျဉ်း၍ လူမွဲခံသည့်အဖွဲ့အစည်းက ဆက်စပ်သည့်အချိန်၌ မြီရှင်တစ်ဦးနှင့် လုပ်ငန်းကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ခဲ့ပြီး အကယ်၍ ထိုမြီရှင်က ၎င်း၏ကြွေးမြီအတွက် သက်သေထင်ရှားပြသ၍ ထိုလုပ်ငန်းကိစ္စတစ်ရပ်ရပ်ကို ပယ်ဖျက်ခဲ့ပါက မြီရှင်သည် ကြွေးမြီပမာဏ ပိုမိုရရှိမည်ဆိုလျှင် ရာထူးလက်ရှိဖြစ်သူသည် ဤပုဒ်မအရ ထိုလုပ်ငန်းကိစ္စဆောင်ရွက်ချက်ကို ပယ်ဖျက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

( ခ ) ပုဒ်မခွဲ (ဃ)နှင့် မဆန့်ကျင်စေဘဲ တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်ရှိကြောင်း ယုံကြည်လျှင် ထိုဆောင်ရွက်ချက်ကို ပြုလုပ်ခဲ့ခြင်းမရှိဘိသကဲ့သို့ မှတ်ယူ၍ ထိုဆောင်ရွက်ချက်မပြုမီက ရှိနေခဲ့သည့် မူလအခြေအနေအတိုင်း ပြန်လည်ထားရှိစေရန် အမိန့်တစ်ရပ်ချမှတ်ရမည်–

(၁) လူမွဲခံယူသည့်အဖွဲ့အစည်းသည် ထိုဆောင်ရွက်ချက်တစ်ရပ်ကို ပြုစဉ်အချိန်က ကြွေးမြီများ ပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သည့် အနေအထားရှိနေကြောင်း သို့မဟုတ် ထိုဆောင်ရွက်ချက်တစ်ရပ်ရပ်ကို ပြုလုပ်ခဲ့သည့် အကျိုးဆက်ကြောင့် ကြွေးမြီများ ပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သည့် အနေအထားရောက်ရှိခဲ့သည်ဟု ယုံကြည်ခြင်း၊

(၂) ထိုလုပ်ငန်းကိစ္စ ဆောင်ရွက်ချက်မှာ ဆက်စပ်သည့် နေ့မတိုင်မီ နှစ်လထက်မပိုသောကာလတွင် ဖြစ်ပွားခဲ့ကြောင်း၊ ထိုဦးစားပေးချေမှု အကျိုးအမြတ်ရရှိသူသည် ယင်းလူမွဲခံယူသည့် အဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူဖြစ်ကြောင်း ပေါ်ပေါက်ခြင်း။

( ဂ ) တရားရုံးအမိန့်နှင့်အညီ ဆောင်ရွက်ခဲ့သော ဆောင်ရွက်ချက်တစ်စုံတစ်ရာသည် ယင်းအရ ရွေးချယ်ရန် အခွင့်အရေးပေးခြင်းမှ ဖြစ်ပေါ်လာသည့် ခွင့်ပြုဆောင်ရွက်ချက်အား ပိတ်ပင်ခြင်း မရှိစေရ။

(ဃ) တရားရုံးသည် ယခင်ဆောင်ရွက်ချက်ကို ပယ်ဖျက်ရာတွင် အောက်ပါအခြေအနေ တစ်ရပ်ရပ်ကြောင့်ဖြစ်သည်ဟု ယုံကြည်ပါက ဤပုဒ်မအရ အမိန့်ချမှတ်ခြင်း မပြုရ–

(၁) အကျိုးအမြတ်ရရှိသူသည် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ပြီး ယင်းအချိန်က–

(ကက) လူမွဲခံယူသည့် အဖွဲ့အစည်းသည် ကြွေးမြီပေးဆပ်နိုင်ခြင်းမရှိကြောင်းကို သံသယဖြစ်စေရန်အတွက် ထိုသူတွင် ဆီလျော်သော အကြောင်းအချက်များ မရှိခြင်း၊

( ခခ ) သာမန်ဆင်ခြင်တတ်သူတစ်ဦးကလည်း ယင်းကဲ့သို့ အခြေအနေတွင် သံသယဖြစ်စေရန်အကြောင်း မရှိဟု ထင်မြင်ယူဆနိုင်ခြင်း။

(၂) လူမွဲခံယူသည့်အဖွဲ့အစည်းသည် အပိုင်း (၆) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး ယခင်ဆောင်ရွက်ချက်ကို ပယ်ဖျက်ခြင်းကြောင့် အကျိုးအမြတ်ရရှိသူသည် ထိုလူမွဲခံယူသည့် အဖွဲ့အစည်းနှင့် ဆက်နွှယ်နေသော တွဲဖက်လုပ်ကိုင်သူ မဖြစ်စေရ။

( င ) ဤပုဒ်မအရ ဆက်စပ်သည့်အချိန်ဆိုသည့် စကားရပ်တွင် အောက်ပါတို့ပါဝင်သည်–

(၁) ပုဒ်မခွဲငယ် (၂) နှင့် မသက်ဆိုင်လျှင် စတင်အကျိုးသက်ရောက်သည့် နေ့မတိုင်မီ ခြောက်လ၊

(၂) အဆိုပါလုပ်ငန်းကိစ္စကြောင့် အကျိုးအမြတ်ရသူသည် ယင်းအဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ပတ်သက်သည့် ပုဂ္ဂိုလ်ဖြစ်သည့်ကိစ္စ၌ စတင်အကျိုးသက်ရောက်သည့်နေ့ မတိုင်မီ လေးနှစ်။

**ပုဒ်မ ၃၆၀ သို့မဟုတ် ၃၆၁ အရ ချမှတ်သည့်အမိန့်များ**

၃၆၂။ ပုဒ်မ ၃၆၀ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၆၁ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ လူမွဲခံယူသည့်အဖွဲ့အစည်းတစ်ရပ်က ပုဒ်မ ၃၆၀ သို့မဟုတ် ပုဒ်မ ၃၆၁ အရ ဆောင်ရွက်ချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တရားရုံးက အောက်ပါ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် –

(က) အဆိုပါဆောင်ရွက်ချက် သို့မဟုတ် ထိုဆောင်ရွက်ချက်၏ တစ်စိတ်တစ်ဒေသနှင့်စပ်လျဉ်း၍ ကုမ္ပဏီ သို့မဟုတ် တစ်သီးပုဂ္ဂလလူမွဲဖြစ်သူ၏ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လွှဲပြောင်းပေးအပ်စေသည့်အမိန့်၊

( ခ ) တစ်ဦးတစ်ယောက်၏ လက်ဝယ်၌ရှိသည့် ထိုသို့လွှဲပြောင်းပေးထားသော ပစ္စည်းအား ရောင်းရငွေကို လွှဲပြောင်းထားကြောင်း သို့မဟုတ် ငွေကြေးလွှဲပြောင်းထားကြောင်း လျှောက်ထားတင်ပြလာသည့် မည်သည့်ပစ္စည်းကိုမဆို လွှဲပြောင်းပေးအပ်စေသည့် အမိန့်၊

( ဂ ) ထိုလူမွဲခံယူသည့် အဖွဲ့အစည်းက ပေးအပ်ထားသော အာမခံအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ စွန့်လွှတ်ရန် သို့မဟုတ် ကင်းလွတ်ခွင့်ပြုရန် အမိန့်၊

(ဃ) တစ်ဦးတစ်ယောက်က ထိုလူမွဲခံယူသည့် အဖွဲ့အစည်းထံမှ အကျိုးအမြတ်အဖြစ် လက်ခံရရှိထားသော ငွေကြေးတစ်စုံတစ်ရာအား ရာထူးလက်ရှိဖြစ်သူထံသို့ တရားရုံးက သတ်မှတ်ပေးသည့် နည်းလမ်းအတိုင်း ပြန်လည်ပေးအပ်စေသည့် အမိန့်၊

( င ) အဆိုပါဆောင်ရွက်ချက်အရ လူတစ်ဦးတစ်ယောက်နှင့်ပတ်သက်၍ အာမခံခဲ့သော တာဝန်များအနက်မှ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကင်းလွတ်ခွင့်ရရှိခဲ့သော အာမခံသူတစ်ဦးဦးအပေါ်တွင် တာဝန်အသစ်တစ်ရပ်ပေးအပ်ရန် သို့မဟုတ် ပြင်ဆင်တာဝန်ပေးအပ်စေရန် တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း ချမှတ်သည့် အမိန့်၊

( စ ) ထိုအမိန့်အရ ပေါ်ပေါက်လာသော တာဝန်တစ်ရပ်ရပ်ကို ကင်းလွတ်ခွင့်ပြုရန်၊ ထို့ပြင် အာမခံ သို့မဟုတ် ပစ္စည်းအပေါ်တွင် တင်ရှိမည့် ထိုတာဝန်ကို အဆိုပါဆောင်ရွက်ချက်အရ ကင်းလွတ်ခွင့်ပြုခဲ့သည့် အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကဲ့သို့ ဦးစားပေးတူညီစွာ သတ်မှတ်ပေးစေသည့် အမိန့်၊

(ဆ) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်းတွင် လုပ်ငန်းကိစ္စရပ်ကြောင့်ဖြစ်သော ကြွေးမြီများနှင့် အခြားသောတာဝန်များရှိကြောင်း၊ ယင်းတို့အနက် အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ကင်းလွတ်ခွင့်ပြုခဲ့ကြောင်းကို သက်သေပြနိုင်သည့် အတိုင်းအတာအထိ အောက်ပါ ပုဂ္ဂိုလ် တစ်ဦးဦးနှင့် ပတ်သက်၍ ချမှတ်သည့်အမိန့်–

(၁) အမိန့်အရ ၎င်း၏ပစ္စည်းအား ကုမ္ပဏီတွင်အပ်နှံထားသူ၊

(၂) အမိန့်အရ ၎င်း၏ပစ္စည်းအား ပုဂ္ဂလိက လူမွဲခံယူသူ၏ ယုံမှတ်အပ်နှံခြင်း ခံရသူထံ အပ်နှံထားသူ၊

(၃) အမိန့်အရ ၎င်းအပေါ် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးအပ်ခြင်းခံရသူ။

**မတန်တဆနှုန်းဖြင့် ကြွေးမြီထုတ်ချေးခြင်း**

၃၆၃။ (က) လူမွဲခံယူသည့်အဖွဲ့အစည်းကိုယ်တိုင် ကြွေးမြီထုတ်ပေးသည့်ကိစ္စရပ်တစ်ရပ်ရပ်တွင် ပါဝင်သူတစ်ဦးဖြစ်လျှင် ဤပုဒ်မနှင့် သက်ဆိုင်စေရမည်။

( ခ ) ကြွေးမြီထုတ်ချေးရာတွင် မတန်တဆဖြစ်သည့် နှုန်းဖြစ်ပြီး သို့မဟုတ် ဖြစ်ခဲ့ပြီး ယင်းမှာ စတင်အကျိုးသက်ရောက်သည့်နေ့မတိုင်မီ သုံးနှစ်ကာလအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်လျှင် ရာထူးလက်ရှိဖြစ်သူ၏ လျှောက်ထားချက်အရ အဆိုပါ ကြွေးမြီထုတ်ချေးခြင်းနှင့် ပတ်သက်၍ တရားရုံးသည် သင့်သည် ထင်မြင်သည့် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

( ဂ ) ဤပုဒ်မအလို့ငှာ ကြွေးမြီများကို ထုတ်ပေးသူက လက်ခံထားခဲ့သော ဈေးကွက်ပေါက်ဈေး အရ ကြွေးမြီထုတ်ချေးရာတွင် ဆန့်ကျင်သက်သေမပြနိုင်ပါက အောက်ပါအခြေအနေများသည် မတန်တဆဖြစ်စေသော ဆောင်ရွက်ချက်ဟု မှတ်ယူရမည်–

(၁) ကြွေးမြီထုတ်ပေးရာတွင် စည်းကမ်းချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မတန်တဆ ငွေထုတ်ပေးမှုဖြစ်ခြင်း သို့မဟုတ် ဖြစ်ခဲ့ခြင်း၊

(၂) ကြွေးမြီထုတ်ချေးခြင်းသည် မျှတသော ရောင်းဝယ်ဖောက်ကားမှု၏ အခြေခံမူသဘောတရားများကို အခြားတစ်နည်းနည်းဖြင့် အလွန်အမင်း ဆန့်ကျင်ဖောက်ဖျက်ရာ ရောက်ခြင်း။

(ဃ) ဤပုဒ်မနှင့်အညီ ချမှတ်သောအမိန့်အရ ပုဂ္ဂလိကလူမွဲခံသူ၏ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ငွေပေးချေခဲ့လျှင် ထိုငွေကြေးသည် ထိုပုဂ္ဂလိက လူမွဲခံသူပိုင်ပစ္စည်းဖြစ်သည်ဟု မှတ်ယူရမည်။

( င ) အထက်ပါ ကြွေးမြီထုတ်ချေးခြင်းနှင့် စပ်လျဉ်း၍ ဤပုဒ်မအရ ချမှတ်သောအမိန့်တစ်ရပ်တွင် အောက်ပါဖော်ပြချက် တစ်ရပ်ရပ် ပါဝင်စေရမည်–

(၁) ထိုကြွေးမြီထုတ်ချေးခြင်းအရ ဖြစ်ပေါ်လာသောတာဝန်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်သည့် ဖော်ပြချက်၊

(၂) ထိုကြွေးမြီထုတ်ချေးခြင်းအလို့ငှာ ကိုင်ဆောင်ထားသည့် အာမခံတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ သို့မဟုတ် စည်းကမ်းချက်များအားလုံးကို အခြားတစ်နည်းနည်းဖြင့် ပြောင်းလဲပြင်ဆင်သည့် ဖော်ပြချက်၊

(၃) ထိုကြွေးမြီထုတ်ချေးခြင်းတွင် ပါဝင်သည့် သို့မဟုတ် ပါဝင်ခဲ့သည့် တစ်ဦးတစ်ယောက်က လူမွဲခံယူသည့် အဖွဲ့အစည်းထံမှ ရယူထားခဲ့သော ငွေပမာဏတစ်ရပ်ရပ်ကို ရာထူးလက်ရှိဖြစ်သူအား ပေးအပ်စေသည့် ဖော်ပြချက်၊

(၄) ထိုကြွေးမြီထုတ်ချေးခြင်းအလို့ငှာ အာမခံအဖြစ်တစ်စုံတစ်ဦးက ကိုင်ဆောင်ထားသော ပစ္စည်းတစ်ရပ်ရပ်ကို ထိုသူက ရာထူးလက်ရှိဖြစ်သူထံသို့ လွှဲပြောင်းပေးအပ်စေသည့် ဖော်ပြချက်၊

(၅) ထိုကြွေးမြီထုတ်ချေးခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်သည့် ပုဂ္ဂိုလ်များအကြား စာရင်းရှင်းလင်းတင်ပြရန် ညွှန်ကြားသည့်ဖော်ပြချက်။

**ကုမ္ပဏီ၏ အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တချို့ကို ရှောင်ရှားခြင်း**

၃၆၄။ (က) ဤဥပဒေအရ သတ်မှတ်ဖော်ပြထားသော ဆက်စပ်သည့်အချိန်တွင် ဖြစ်ပေါ်လာသော ကုမ္ပဏီ၏ လုပ်ငန်းတာဝန် သို့မဟုတ် ပစ္စည်းတစ်ရပ်အပေါ်ရှိ အပြောင်းအလဲရှိသော ကြွေးမြီတာဝန်သည် အောက်ပါအတိုင်းအတာအထိမှတစ်ပါး တရားမဝင် ပျက်ပြယ်စေရမည်–

(၁) ထိုကြွေးမြီတာဝန်ကို ဖြစ်ပေါ်စေသည့်အချိန်တွင်ဖြစ်စေ၊ နောက်ပိုင်းအချိန်များတွင်ဖြစ်စေ ကုမ္ပဏီသို့ ပေးချေခဲ့သည့် ငွေကြေးများ သို့မဟုတ် တင်သွင်းထားခဲ့သော ကုန်စည်များ သို့မဟုတ် ဝန်ဆောင်မှုများကြောင့် ဖြစ်ပေါ်စေသည့် ကြွေးမြီတန်ဖိုး၊

(၂) ကုမ္ပဏီ၏ ကြွေးမြီတာဝန်နှင့် ကြွေးမြီတစ်ရပ်ရပ်ကို ဖြစ်ပေါ်စေသည့် အချိန်တွင်ဖြစ်စေ၊ နောက်ပိုင်းအချိန်များတွင်ဖြစ်စေ ထိုကြွေးမြီများကို ပေးချေခြင်း သို့မဟုတ် လျှော့ပေါ့ပေးခြင်းကြောင့် ဖြစ်ပေါ်လာသည့် ကြွေးမြီတန်ဖိုး၊

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) အတွင်းကျရောက်သော ငွေပမာဏတစ်ရပ်နှင့် စပ်လျဉ်း၍ ပေးချေရမည့် အတိုးငွေပမာဏ။

( ခ ) ကုမ္ပဏီ၏အပြောင်းအလဲရှိသော ကြွေးမြီ တာဝန်ပေါ်ပေါက်သည့်အချိန်သည် အောက်ပါအခြေအနေတစ်ရပ်တွင် ဤပုဒ်မအလို့ငှာ ဆက်စပ်သည့်အချိန်ဖြစ်သည်ဟု မှတ်ယူရမည်–

(၁) ကုမ္ပဏီနှင့်ဆက်စပ်သည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျိုးစီးပွားအလို့ငှာ ပြုလုပ်ထားသော ကြွေးမြီတာဝန်ဖြစ်သည့်ကိစ္စတွင် စတင်အကျိုးသက်ရောက်သည့်နေ့မတိုင်မီ လေးနှစ်အတွင်း၊

(၂) အခြားတစ်စုံတစ်ဦး၏ အကျိုးစီးပွားအလို့ငှာ ပြုလုပ်ထားသော ကြွေးမြီတာဝန်ဖြစ်သည့်ကိစ္စတွင် စတင်အကျိုးသက်ရောက်သည့်နေ့မတိုင်မီ ခြောက်လအတွင်း။

*(ဆက်လက်ဖော်ပြပါမည်)*